
ပူးတွဲထုတ်ဝေမှု

# နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်းတစ်ခု မဲခေါင်မြစ်ဝှမ်းဒေသ၌ ပေါ်ပေါက်ရေး



မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများ၏ အစိုးရများနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအကြား ပူးပေါင်းဆက်ဆံရေးမြှင့်တင်နိုင်ရေးအတွက် အခွင့်အလမ်းများနှင့် အစပြုလုပ်ဆောင်ရမည့်လုပ်ငန်းများကို ဖော်ထုတ်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ရေအရင်းအမြစ်မျှဝေသုံးစွဲခြင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း (SWP)မှ SIWI၏ ရေအရင်းအမြစ်မျှဝေမှုအတွက် မိတ်ဖက်ဆောင်ရွက်မှု အကူအညီဖြင့်အစိုးရမဟုတ်သည့် ပူးပေါင်းပါဝင်ပတ်သက်သူများပေါ်တွင် ကျယ်ပြန့်သောစစ်တမ်းကောက်ယူမှု နှင့် ဆန်းစစ်လေ့လာမှု တစ်ရပ်ကို လုပ်ဆောင်ခဲ့ပါသည်။ ရလာဒ်များအရ ဒေသတွင်း အစိုးရအချင်းချင်းကြား လုပ်ငန်းစဉ်များ၊ ပူးပေါင်းပတ်သက်ပါဝင်သူများကြား ဆက်ဆံရေးနှင့် ဒေသလုံးဆိုင်ရာ ပူးပေါင်းမှုကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်နိုင်စေရေးအတွက် တည်ရှိနေပြီးဖြစ်သည့်အဖွဲ့အစည်းများနှင့် ကွန်ရက်များအား အပြန်အလှန်ပူးပေါင်းဖြည့် ဆည်း ဆောင်ရွက်နိုင်စေရန် နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများ ပါဝင်နိုင်သည့် ပလက်ဖောင်း (Multi-Stakeholder Platform) တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဆန္ဒပြင်းပြစွာ ရှိနေသည်ကို တွေ့ရှိရသည်။

## စိန်ခေါ်မှုများ

ကမ္ဘာပေါ်တွင် နယ်စပ်ဖြတ်ကျော်တည်ရှိနေသည့် အကြီးဆုံးနှင့် လူနေအထူထပ်ဆုံးသော မြစ်ဝှမ်းဒေသများအနက် တစ်ခုဖြစ်သော မဲခေါင်မြစ်ကြီးကို စီမံခန့်ခွဲခြင်းနှင့် ၎င်းပေါ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းမှာ ရှုပ်ထွေးလှသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံအသီးသီးနှင့် လုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးတို့အကြား ခြားနားသော အကျိုးလိုလားချက်များ၊ ကွဲပြားသော ဦးစားပေးမှုများကို ဟန်ချက်ညီစွာ ညှိနှိုင်းရန်လိုပေသည်။ မဲခေါင်မြစ်ကို မျှဝေပိုင်ဆိုင်ကြသော နိုင်ငံခြောက်နိုင်ငံ ဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုပြည်သူ့ သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့အားလုံးသည် တရားဝင်လုပ်ပိုင်ခွင့်ရှိကြသူများ ဖြစ်ကြသော်လည်း ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်လာလျှင်မူ နိုင်ငံအချင်းချင်းအကျိုးစီးပွား အပြိုင်အဆိုင်များရှိလာကြသည်။

တစ်နိုင်ငံချင်းစီ၏များပြားစုံလင်လှသော ရည်မှန်းချက်များနှင့် လိုအပ်ချက်များကို စီမံခန့်ခွဲနိုင်ရေး အစိုးရအချင်းချင်းချိတ်ဆက်ဆောင်ရွက်မှု ပလက်ဖောင်းများထားရှိကာ နိုင်ငံအသီးသီးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဟန်ချက်ညီညီ အပေးအယူမျှမျှ ဆောင်ရွက်နိုင်စေရန် ကြိုးစားမှုများလည်း ရှိထားပြီးဖြစ်ပါသည်။ သို့ရာတွင် အစိုးရအဆင့် သံတမန် ဆက်သွယ်ရေးများကို ပုံမှန်လုပ်ဆောင်နေကြသော်လည်း ပိုမိုကျယ်ပြန့်စွာ တည်ရှိသည့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအကြား ချိတ်ဆက်ရန် ကြိုးပမ်းမှုကမူ မလုံလောက်သေးပါ။

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် စနစ်တကျရှိပြီးပွင့်လင်းမြင်သာသည့် ချိတ်ဆက်ဆောင်ရွက်မှု ရှိမနေခြင်းသည် အသက်သာဆုံးသော အကျိုးဆက်အနေဖြင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသအလိုက် စူးစိုက်လုပ်ကိုင်နေသော အရည်အသွေးမြင့် အဖွဲ့အစည်းများအား အစိုးရအချင်းချင်း ချိတ်ဆက်မှု လမ်းစဉ် များတွင် ထည့်သွင်း အသုံးချနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို လက်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။

ထို့ထက်ပိုမိုဆိုးရွားသည့်ဖြစ်နိုင်ခြေအကျိုးဆက်မှာ အဆိုပါ ပွင့်လင်းမြင်သာသော ချိတ်ဆက်ဆောင်ရွက်မှု မရှိခြင်းသည် ဒေသအလိုက် ဒေသခံများနှင့် အောက်ခြေအဖွဲ့အစည်းများကြား တင်းမာမှုများ ဖြစ်ပွားလာနိုင်ပြီး ထိခိုက်လွယ်လူအုပ်စုများ၏ အနာဂတ်တွင် ရေ၊ ရိက္ခာနှင့် စွမ်းအင်ဆိုင်ရာ လုံခြုံစိတ်ချရမှု မရေမရာ ဖြစ်သွားနိုင်ခြေပင်ရှိပါသည်။

နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်းတစ်ခု(MSP) ကို အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ဖော်ဆောင်နိုင်ပါက မဲခေါင်မြစ်ဝှမ်း တလျှောက်ရှိ အစိုးရများ၊ အစိုးရအချင်းချင်း ချိတ်ဆက်သော ပလက်ဖောင်းများ အတွက် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

- အကျိုးစပ်ဆိုင်သူများအားလုံး ဆက်သွယ်ဆောင်ရွက်သည့်အခါ ရေရှည်ဆက်ဆံမှု၊ ပုံမှန် ချိတ်ဆက်မှု၊ စနစ်ကျပြီး အဖွဲ့အစည်းဆန်သော ချည်းကပ်မှုများ ရရှိနိုင်ခြင်း။
- သုတေသီများနှင့် ပတ်သက်ဆက်ဆိုင်သူအားလုံးကို စီမံကိန်းများအကြောင်း အသိပေးမျှဝေပြီး အကြံပြုသုံးသပ်ချက်များ ရယူနိုင်ကာ၊ ထိုအကြံပြုချက်များကို စီမံကိန်းဖော်ဆောင် သူများနှင့် အခြားလုပ်ရှားဆောင်ရွက်သူများထံ အသိပေးနိုင်ခြင်း– ပြီးခဲ့သော ကာလများတွင် ထိုသို့ဆောင်ရွက်နိုင်ခြင်း ပုံမှန်မရှိခဲ့ပါ။

## နည်းစနစ်

ဒေသတွင်း နိုင်ငံများမှ အဖွဲ့အစည်း ၃၉ ဖွဲ့က အီလက်ထရွန်းနစ် စစ်တမ်းတစ်ခုကို ပါဝင်ဖြေဆိုခဲ့ပြီး ၎င်းတို့အနက် ၂၈ ဖွဲ့က နောက်ဆက်တွဲ မေးမြန်းဆွေးနွေးခြင်းများကိုပါ ဆက်လက် ဖြေဆိုပေးခဲ့ပါသည်။ ထိုစစ်တမ်းတွင် အောက်ပါတို့နှင့်ပတ်သက်သော မေးခွန်းများကို မေးခဲ့ပါသည်။

- မဲခေါင်မြစ် ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုနှင့် မြစ်ဝှမ်းတလျှောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ် များနှင့် ပတ်သက်ပြီး အဖွဲ့အစည်း တစ်ခုစီ၏ ကတိကဝတ်ပြုထားသောအဓိကလုပ်ငန်းများ၊ လုပ်ငန်းအဝန်းအဝိုင်းများ၊ စွမ်းဆောင်ရည်များ၊
- မြစ်ဝှမ်းတလျှောက်ရှိ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေးများ၊ အပြန်အလှန် ချိတ်ဆက်မှုအခြေအနေ သဘောသဘာဝများ၊
- မဲခေါင်မြစ်ဝှမ်းတွင်း ပတ်သက်ဆက်ဆိုင်သူအားလုံးပါဝင်သော နည်းလမ်းတစ်ခုကို တည်ဆောက်ခြင်း၊ ပုံဖော်ခြင်း၊ ရည်ရွယ်ချက် သတ်မှတ်ခြင်းတို့နှင့် ပတ်သက်သော ၎င်းတို့၏ ထင်မြင်ယူဆချက်များ တို့ဖြစ်ကြပါသည်။


*((((၁ ဤစစ်တမ်းကို ဒေသတွင်းနိုင်ငံများအဆင့် လှုပ်ရှားဆောင်ရွက်နေသော အစိုးရမဟုတ်သည့် အဖွဲ့ ၁၀၀ သို့ ပို့ခဲ့သည်။ စစ်တမ်းဖြေသည့် အဖွဲ့အစည်းသည် မဲခေါင်မြစ်ဝှမ်းဒေသမှ နှစ်နိုင်ငံနှင့်အထက်တွင် ထိစပ်လုပ်ဆောင်နေသော ကွန်ရက်များ၊ အဖွဲ့များတွင် ပါဝင်သော ဒေသအဆင့်၊ နိုင်ငံအဆင့်၊ အစိုးရမဟုတ်သော (ပြည်တွင်း/ပြည်ပ) အဖွဲ့အစည်းများ ၊ အရပ်ဘက်အဖွဲ့များ၊ စီးပွားရေး အသင်းများ၊ ဖိုရမ်များ၊ တက္ကသိုလ်များ၊ သုတေသီများ၊ ကွန်ရက်များ၊ အကြံပေးအဖွဲ့များ သို့မဟုတ် ဟူသည့် သတ်မှတ်ချက်ဖြင့်ပို့ခဲ့ခြင်း ဖြစ်ပါသည်။))))))*

OXFAM


UNDP Empowered lives. Resilient nations.

WATER GOVERNANCE FACILITY

SIWI




*ပုံ ၁။ စစ်တမ်းဖြေဆိုသူများ (မဲခေါင်မြစ်ဝှမ်း နိုင်ငံအလိုက် ခွဲထားပုံ)*




*ပုံ ၂။ စစ်တမ်းဖြေဆိုသူများ (တရားဝင်ရပ်တည်မှုကို မိမိကိုယ်ကို သတ်မှတ်ချက်အလိုက် )*

၂၀၁၆ နိုဝင်ဘာတွင် ဘန်ကောက်မြို့၌ပြုလုပ်သော အစည်းအဝေးတစ်ခုအတွင်း ထိုစစ်တမ်း၏ တွေ့ရှိချက်များကို ရွေးချယ်ဖိတ်ကြားထားသည့် စစ်တမ်းဖြေဆိုသူ အချို့ရှေ့မှောက် အသိပေးတင်ပြခဲ့ပြီး ထိုအစည်းအဝေးတွင်ပင် နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်း(MSP)၏ ဖြစ်နိုင်ခြေရှိသော ပုံသဏ္ဍာန်နှင့် ရည်ရွယ်ချက်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးချက်များမှ ပေါ်ပေါက်လာသော အကြံဉာဏ်များနှင့် မေးခွန်းများကို မဲခေါင်မြစ် ကော်မရှင်နှင့် လန်ကျန်း မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သီးသန့်ဆွေးနွေးပွဲများတွင် ထပ်မံ ဆွေးနွေးခဲ့ကြပါသည်။

## တွေ့ရှိချက်များ

**မဲခေါင်ဒေသတွင် ပတ်သက်စပ်ဆိုင်သူများအားလုံး ပိုမိုများပြား ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်လျက်ရှိသည်။** ရေအရင်းအမြစ် စီမံခန့်ခွဲရေး လုပ်ငန်းများ ထင်ရှားကြီးမားစွာ လုပ်ဆောင်နေကြခြင်းတို့ ရှိကြသော်လည်း အစိုးရမဟုတ်သော ပတ်သက်စပ်ဆိုင်သူများကို ထည့်သွင်းပါဝင်စေမှု အားနည်းခြင်း၊ ဆက်သွယ်ချိတ်ဆက်ခြင်းများနှင့် ပူးပေါင်းပါဝင်စေခြင်း ဖြစ်စဉ်များတွင် ပွင့်လင်းမြင်သာမှု တစ်စိတ်တစ်ပိုင်းသာ ရှိထားကြခြင်းတို့နှင့် ပတ်သက်ပြီး များစွာသော ဝေဖန်ချက်တို့လည်း ရှိနေပါသည်။

ထိုသို့အခြေအနေများသည် ရေနှင့်ပတ်သက်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ သက်ရောက်မှုကို ခံစားရသည့် သန်းချီသော ရပ်ရွာသူရပ်ရွာသားများ၏ ထင်မြင်ချက်များကို ဖယ်ကျဉ်ထားရာ ကျသွားသလို ဖွံ့ဖြိုးရေး အစီအစဉ်များအပေါ် ၎င်းတို့၏ နားလည်နိုင်မှုကိုလည်း အားနည်းစေပါသည်။

ထို့ပြင် ဒေသတွင်းတွင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး တန်ဖိုးရှိသော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းများစွာ ရှိနေသော်လည်း ထိုအဖွဲ့အစည်းများသည် ဒေသတွင်းနိုင်ငံများအဆင့်တွင် တရားဝင်ဖြစ်သော၊ တစ်သမတ်တည်းဖြစ်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် မိမိတို့ သိရှိသော အချက်အလက်များကို မျှဝေ အသိပေးနိုင်ရန် အခွင့်အရေးလွန်စွာနည်းပါးနေပါသည်။

ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုအတွက် တည်ရှိနေသော ဒေသတွင်အဖွဲ့အစည်းများ

၁. မဲခေါင်မြစ်ဝှမ်း ကော်မရှင်
၂. မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများ
၃. လန်ကျန်း –မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ယန္တရား

**ဒေသတွင်း အဖွဲ့အစည်းများသည် နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်းတစ်ခု ဖန်တီးရေးကို လွန်စွာထောက်ခံပါသည်။** ပတ်သက်စပ်ဆိုင်သူများဆိုင်ရာ လေ့လာချက်တွင် အဆိုပါ ပလက်ဖောင်းနှင့် ပတ်သက်၍ထောက်ခံမှုများစွာ ရှိကြောင်း တွေ့ရသည်။ အဖွဲ့အစည်း ၃၉ ဖွဲ့တွင် ၃၄ ဖွဲ့သည် ဒေသတွင်းနိုင်ငံများအဆင့် ဖြစ်သော၊ နိုင်ငံ ၆ နိုင်ငံလုံး ပါဝင်သော၊ ဒေသတွင်းအစိုးရများ တိုက်ရိုက်ချိတ်ဆက်မှုတွင် ပါဝင်ခွင့်ရသော ပလက်ဖောင်းဖန်တီးနိုင်လျှင် အလွန်အကျိုးရှိပါလိမ့်မည်ဟု ဆိုခဲ့သည်။ ကျန် ၅ ဖွဲ့က ထောက်ခံမှု ရှိသော်လည်း ရှိနေပြီးသော ပလက်ဖောင်းများတွင်သာ ပြုပြင် ထည့်သွင်းသင့်သည်ဟု ဖော်ပြခဲ့သည်။


အဘက်ဘက်မှ ပတ်သက်စပ်ဆိုင်သူများအားလုံးပါဝင်သော ပလက်ဖောင်း နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများ ပါဝင်နိုင်သည့် မူဝါဒလမ်းစဉ် (MSP) နှင့် မဲခေါင်မြစ်ဝှမ်းကော်မရှင်တို့ မည်သို့ အပြန်အလှန် ဆက်ဆံရေးမျိုး ရှိမည်နည်း။မဲခေါင်မြစ်ကော်မရှင်သည် ပတ်သက်စပ်ဆိုင်သူများအားလုံး အပြန်အလှန် ချိတ်ဆက်မိစေနိုင်သည့် အရေးပါသော မဏ္ဍိုင်တစ်ခုဖြစ်သည်ဟု စစ်တမ်းဖြေဆိုသူများက ထင်မြင်ကြသည်။ မဲခေါင်မြစ်ဝှမ်းကော်မရှင်အနေနှင့်လည်း အပြန်အလှန် ချိတ်ဆက်မှုအတွက် ဆောင်ရွက်လိုပါက နယ်ပယ် စုံမှ အကျိုးစပ်ဆိုင်သူများ ပါဝင်နိုင်သည့် ပလက်ဖောင်း(MSP) ကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်းလည်း ဖော်ပြကြသည်။ သို့သော် အဓိက စိုးရိမ်ရမှု အနည်းငယ် ရှိနေပြီး ၎င်းတို့မှာ– မဲခေါင်မြစ်ကော်မရှင်က သက်ဆိုင်ရာအစိုးရများကို တိုက်တွန်းနိုင်စွမ်း အကန့်အသတ်၊ သတင်းအချက်အလက် တစ်ပြေးညီမျှဝေခြင်း၊ မဲခေါင်မြစ်ဝှမ်းကော်မရှင်က မဲခေါင်အောက်ပိုင်းမြစ်ဝှမ်းများကို စူးစိုက်မှု ပိုများသောကြောင့် တရုတ်နှင့် မြန်မာတို့ကို ဆက်ဆံမှုနည်းပါးခြင်း စသည်တို့ဖြစ်ပါသည်။

အထူးလိုအပ်ချက် တစ်ခုအနေနှင့် ထောက်ပြခဲ့သည့် အချက်မှာ နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်း(MSP)သည် မဲခေါင်မြစ်ကော်မရှင် တစ်ခု တည်းနှင့်သာ ချိတ်ဆက်ထားခြင်း၊ သို့မဟုတ် အရေးအကြီးဆုံး ချိတ်ဆက်မှုဟု သတ်မှတ်ထားခြင်းမျိုး မပြုဘဲ လွတ်လပ်စွာ ရပ်တည်လုပ်ဆောင်နေရေး ဖြစ်သည်။ ဒေသတွင်းနိုင်ငံများအဆင့် ချိတ်ဆက်ရာတွင် မဲခေါင်မြစ် ကော်မရှင် တစ်ခုတည်းနှင့် သာမက လန်ကျန်း–မဲခေါင် ပူးပေါင်းမှု၊ မဲခေါင်မြစ်ဝှမ်းဒေသဝင် နိုင်ငံများ၊ အာဆီယံတို့နှင့်ပါ သင့်လျော်သလို ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

ဒေသတွင်း အဖွဲ့အစည်းများ၏ ဦးစားပေး ကိစ္စရပ်များ။ ။စစ်တမ်းဖြေကြားသူများကို ၎င်းတို့အဖွဲ့အစည်း၏ မဲခေါင်မြစ်ဝှမ်းဆိုင်ရာ အမြင့်ဆုံး ဦးစားပေး ကိစ္စရပ်များကို စာရင်းတစ်ခုမှ ကြည့်ရှုရွေးချယ်စေခဲ့ပါသည်။ အဆိုပါ စာရင်းမှာ ၂၀၁၆–၂၀၂၀ မဲခေါင်မြစ်ဝှမ်းကော်မရှင် မဟာဗျူဟာစီမံကိန်း၊ မြစ်ဝှမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ ၂၀၁၆–၂၀၂၀၊ ၁၉၉၅ သဘောတူညီချက်နှင့် ပညာရှင်များ၏ မှတ်ချက်များမှ ထုတ်ယူထားခြင်းဖြစ်သည်။ ထိုစာရင်းအပြင် အခြား ကိစ္စရပ်များ ရှိလျှင်လည်း ဖော်ပြစေခဲ့သည်။ အဖွဲ့ ၃၉ ဖွဲ့အနက် ၃၇ ဖွဲ့က ထိုမေးခွန်းကို ပြန်လည်ဖြေဆိုခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူများကို အမြင့်ဆုံး ဦးစားပေး ကိစ္စ ၃ ခု ဖော်ပြရန် မေးမြန်းခဲ့သော်လည်း အဖွဲ့များစွာက ၃ ခုထက်ပိုပြီး ဖြေကြားခဲ့ကြပါသည်။

ဒေသတွင်းအဖွဲ့အစည်းများ၏ ဦးစားပေး အစီအစဉ် ၅ ရပ်–

၁. ရေအားလျှပ်စစ် လုပ်ငန်းများ
၂. နယ်စပ်ဖြတ်ကျော် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှု
၃. ရာသီဥတု ပြောင်းလဲမှု
၄. သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု
၅. စွမ်းအင်




ပုံ ၃။ စစ်တမ်း ဖြေဆိုသော အဖွဲ့အစည်း ၃၉ ဖွဲ့မှ ပြုစုသော မဲခေါင်မြစ်ဝှမ်းဒေသ ဦးစားပေး ကိစ္စရပ်များ

## အကြံပြုချက်များ

စစ်တမ်းရလဒ်များနှင့် နိုဝင်ဘာ ၂၀၁၆ တွင် ဘန်ကောက်၌ ပြုလုပ်သော ဆွေးနွေးချက် ရလဒ်များအရ မဲခေါင်မြစ်ဝှမ်းရှိ နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်း (MSP) သည် အောက်ပါ ဦးစားပေးမှုများနှင့် တည်ဆောက်ပုံများ ရှိနိုင်ပါသည်။

### ဦးစားပေး အစီအစဉ်များ

- အပြန်အလှန် ဆွေးနွေးခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ပူးပေါင်း လုပ်ဆောင်ခြင်း
- လုပ်ငန်းစဉ်များနှင့် ဖြေရှင်းနည်းများအကြား ညှိနှိုင်းလုပ်ဆောင်ခြင်း
- စွမ်းဆောင်ရည် မြှင့်တင်ခြင်း
- နိုင်ငံအဆင့် ဆွေးနွေးချက်များတွင် ဒေသအဆင့် အမြင်များလည်း ထည့်သွင်းဆွေးနွေးခြင်း
- ဘုံရည်မှန်းချက် တစ်ရပ်တွင် နိုင်ငံအသီးသီးမှ အမြင်များ ထည့်သွင်းပါဝင်စေရန်
- မြစ်ဝှမ်းတစ်လျှောက်တွင် ဘုံအကျိုးစီးပွားများ မြှင့်တင်ပေးရန်
- အလှူရှင်များ၏ မဟာဗျူဟာချပုံများကို သက်ရောက်လွှမ်းမိုးရန်
- သင်ယူမှုနှင့် အချက်အလက် မျှဝေခြင်းကို အားပေးခြင်း
- တရားဝင်ချမှတ်ထားသော မူဝါဒလမ်းစဉ်များတွင် လွှမ်းမိုးမှုပြုလုပ်နိုင်ခြင်း (မဲခေါင်မြစ်ဝှမ်းကော်မရှင်နှင့် လန်ကျန်း –မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ယန္တရား)
- မူဝါဒနှင့် သိပ္ပံပညာဆိုင်ရာအသိ တို့ ချိတ်ဆက်မှုရှိစေရေး ဗဟုသုတများဖြန့်ဝေရန်
- ဘက်လိုက်မှုကင်းသော  လမ်းစဉ်တစ်ရပ် ဖော်ဆောင်ရန်
- ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်ချက်များ သဟဇာတ ဖြစ်ရေး ဆောင်ရွက်ရန်။

### ပုံစံဒီဇိုင်း

- ရုံးအဖွဲ့ငယ်တစ်ရပ်၊ တရားဝင် တည်ဆဲ အဖွဲ့အစည်းတစ်ခုကို အခြေခံရန်
- ကျယ်ပြန့်စွာ လက်လှမ်းမီသော ချိတ်ဆက်မှု လုပ်ငန်းများ ရှိရန်
- အမှီအခိုကင်း၊ ဘက်မလိုက်၊ အစွဲကင်းရန်
- ခိုင်မာသော တရားဝင်မှု၊ အစိုးရများနှင့်ရော အစိုးရမဟုတ်သော ပတ်သက်စပ်ဆိုင်သူများနှင့်ပါ ကောင်းမွန်သော ဆက်ဆံရေးတို့ ရှိရန်

## အိမ်ရှင်အဖြစ်ကူညီနိုင်ဖွယ်ရှိသော အဖွဲ့များ

- တက္ကသိုလ်တစ်ခုခု သို့မဟုတ် တက္ကသိုလ် အစု တစ်စု
- SIWI, IUCN, WWF, CGIAR/WLE, SUMERNET/ SEI, Save the Mekong, VRN, Save the Salween

## ရှေ့ဆက်လုပ်ဆောင်ရမည့် အစီအစဉ်များ

ဤအစီအရင်ခံစာကို မဲခေါင်မြစ်ဝှမ်းတလျှောက် သုံးစွဲသော ဘာသာစကားများဖြင့် ဘာသာပြန်ဆိုပြီး အဓိက ပတ်သက်စပ်ဆိုင်သူများအားလုံးနှင့် ဆွေးနွေးဖြစ်စေရန် ဖြန့်ဝေမည်ဖြစ်သည်။ အဓိကထားဆက်သွယ်ရန် ပုဂ္ဂိုလ်များကိုလည်းသတ်မှတ်ထားပြီးဖြစ်ပါသည် SEI, SIWI, IUCN နှင့် Oxfam တို့မှ ကိုယ်စားလှယ်များ ဖြစ်ကြပါသည်)။ ထိုအစုအဖွဲ့သည် အောက်ပါတို့အတွက် တာဝန်ရှိမည်ဖြစ်သည်။

၁. မဲခေါင်မြစ်ဝှမ်းတွင် နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် မူဝါဒလမ်းစဉ် ဖော်ဆောင်ရေးအတွက် စီမံကိန်း ကနဦး ရှင်းလင်းချက် အကျဉ်းချုပ်တစ်ခု ရေးသားရန်

၂. မဲခေါင်ဒေသဝင်နိုင်ငံများ၏ သဘောတူလက်ခံမှုနှင့် ပူးပေါင်းမှု ရရှိရေး တိုက်တွန်းရန်

၃. အလှူရှင်များ ပူးပေါင်းပါဝင်လာစေရေး တိုက်တွန်းရန်

၄. နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်း (MSP) ကို အစပြုရန်အတွက် အဖွဲ့တစ်ဖွဲ့ရွေးချယ်ပေးရန်

## ဤစာတမ်းအကြောင်း ရှင်းလင်းချက်

မဲခေါင် မြစ်ဝှမ်းတလျှောက်ရှိ အစိုးရနှင့် အစိုးရမဟုတ်သော ပတ်သက်စပ်ဆိုင်သူများအကြား အပြန်အလှန်ချိတ်ဆက်မှုစတင်နိုင်မည့် အခွင့်အလမ်းများနှင့် အစပျိုးလုပ်ဆောင်နိုင်သော အခြေအနေများ ကြိုတင် လေ့လာရန်ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ အစိုးရမဟုတ်သော ပတ်သက်ပါဝင်သူများအပေါ် ကျယ်ပြန့်သော စစ်တမ်း တစ်ရပ်နှင့် လေ့လာဆန်းစစ်မှုတစ်ရပ်ကို SIWI ၏ ထောက်ပံ့မှုဖြင့် ရေအရင်းအမြစ်မျှဝေသုံးစွဲခြင်း မိတ်ဖက်ဆောင်ရွက်မှုလုပ်ငန်း (SWP)က ကောက်ယူ ပြုစုခဲ့ပါသည်။ ရလဒ်များတွင် တွေ့ရသည်မှာ နယ်ပယ်စုံမှ အကျိုးစပ်ဆိုင်သူများပါဝင်နိုင်သည့် ပလက်ဖောင်း(MSP)ကို ဖန်တီးတည်ဆောက်ပြီး အစိုးရအချင်းချင်းအကြား လုပ်ငန်းစဉ်များ၊ ပတ်သက်စပ်ဆိုင်သူများ အပြန်အလှန် ဆက်ဆံနိုင်မှုများနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုတို့ တိုက်ရိုက် မြှင့်တင်ရန်နှင့်၊ တည်ရှိနေပြီးသော အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် အပြန်အလှန် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စိတ်ဆန္ဒပြင်းစွာရှိနေကြကြောင်းပင် ဖြစ်သည်။

ဤစာတမ်းကို SIWI နှင့် Oxfam တို့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ထုတ်ဝေပါသည်။


အသေးစိတ်ဆက်သွယ်ရန် :

SIWI - kerry.schneider@siwi.org
Oxfam - paulinetm@oxfam.org.au


## စာရေးသူများ

*ဤစစ်တမ်းလုပ်ငန်းစဉ်ကို အထောက်အကူပေးခဲ့ကြသူများမှာ SIWI မှ ပညာရှင်များဖြစ်သော ကလွန်မ်းဂျစ် ချန်ဒရာပညာ၊ ဒေါက်တာ မာရီယန် နီးလ် (ပက်ထရစ်)၊ ကယ်ရီ ရှနိုက်ဒါ၊ မာရီယာ ဗင့်ခ်၊ အဲလစ်ဇဘက် ယာရီ နှင့် CGIAR ၏ ရေ မြေနှင့် ဂေဟ စနစ် (WLE) မှ စတူး မိုတာ၊ UNESCO-IHE မှ ဒေါက်တာ နိုရာ ဗန် ကိုးဝမ်းဘာဂ် တို့ဖြစ်ကြပါသည်။*


စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် မူဝါဒဆွေးနွေးချက်များကို သုံး၍ ရေအရင်းအမြစ် စီမံအုပ်ချုပ်ရေးတွင် အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်မှုကို မြှင့်တင်ပေးနေသော အများပါဝင်မှုမြှင့်တင်ရေး စီမံချက်နှင့် မဲခေါင်ဒေသ ရေအရင်းအမြစ် စီမံအုပ်ချုပ်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဤစာတမ်းအတွက်ရံပုံငွေကို Oxfam မှပူးတွဲထောက်ပံ့ပါသည်။



**Stockholm International Water Institute**
Box 101 87 | SE-100 55, Stockholm, Sweden
Visiting Address: Linnégatan 87A
www.siwi.org


Empowered lives.
Resilient nations.